အာဗြဟံ၊ ဣဇာက်နှင့် ယာကုပ်၏ ဘုရားသခင်

(Saturday—Evening Session)

Message Nine

ကောင်းချီးမင်္ဂလာ

ဖတ်ရန်ကျမ်း။ ။ က၊၄၇း၇၊ ၁၀။ ၄၈း၉၊ ၁၄-၁၆၊ ၂၀။
ဟေဗြဲ၊၅း၆။ ၇း၇။ ၁၁း၂၁။ စာရင်း၊၆း၂၂-၂၇။ ၂ကော၊၁၃း၁၄

I. ပုံသဏ္ဌာန်ပြောင်းလဲခံရခြင်း ဆိုသည်မှာ ကျွန်ုပ်တို့၏ ဇာတိအသက်တွင် ဇီဝဖြစ်စဉ်များ ပြောင်းလဲခံရခြင်းဖြစ်ပြီး၊ ရင့်ကျက်ခြင်း ဆိုသည်မှာ ကျွန်ုပ်တို့ကို ပြောင်းလဲပေးသော ဘုရားအသက်နှင့် ပြည့်ဝခြင်း ဖြစ်ကာ၊ ကောင်းချီးမင်္ဂလာ ဟူသည် အသက်၏ လျှံထွက်စီးဆင်းခြင်း ဖြစ်သည်။

A. ယာကုပ်သည် ယောသပ်၏ သားနှစ်ယောက်ကို ကောင်းချီးပေးမည့်အချိန်တွင် သူ၏ အတွေ့အကြုံဥစ္စာရှိသော သုံးပါးတစ်ပါးဘုရားကို ပြောထွက်ခဲ့ခြင်း ဖြစ်သည် - က၊ ၄၈း၉၊ ၁၅-၁၆။

1. ရှေ့တော်၌ အာဗြဟံနှင့် ဣဇာက် လျှောက်လှမ်းခဲ့သော ဘုရားသခင်သည် ခမည်းတော်ဖြစ်သည်။
2. ယာကုပ်ကို "ယနေ့တိုင်အောင်တစ်သက်လုံး" ထိန်းကျောင်းကျွေးမွေးတော်မူသော ဘုရားသခင်သည် ဝိညာဉ်တော်ဖြစ်သည်။
3. ခပ်သိမ်းသော ဆိုးညစ်ခြင်းအထဲက ယာကုပ်ကို ရွေးနုတ်တော်မူသော ကောင်းကင်တမန်တော်သည် သားတော်ဖြစ်သည်။

B. ယာကုပ်က သူ၏လမ်းဆုံးပန်းတိုင်နှင့် တည်ရှိခြင်းသည် ထိန်းကျောင်းကျွေးမွေးတော်မူသော ဘုရားသခင်၏ လက်တော်၌ လုံးလုံးရှိကြောင်း နားလည်သဘောပေါက်ခဲ့သည်၊ သုံးပါးတစ်ပါးဘုရားကို တွေ့ကြုံခံစားခြင်းသည် သုံးပါးတစ်ပါးဘုရားဖြင့် အခြားသူများကို ကျွန်ုပ်တို့ကောင်းချီးပေးနိုင်ရန် ဖြစ်သည်။

II. ယာကုပ် ရင့်ကျက်လာခြင်း၏ အခိုင်မာဆုံးသော အမှတ်လက္ခဏာမှာ အခြားသူများကို ကောင်းချီးပေးခြင်း ဖြစ်သည်။

A. အီဂျစ်ပြည်သို့ ရောက်သောအခါ ယာကုပ် ပထမဆုံး လုပ်ဆောင်ခဲ့သည့်အရာမှာ ဖာရောဘုရင်ကို ကောင်းချီးပေးခြင်းဖြစ်သည် (၄၇း၇၊ ၁၀)။ ဟေဗြဲ၊ ၇း၇ အရ "ကြီးမြတ်သောသူသည် ငယ်သောသူကို ကောင်းချီးပေးလေ၏"၊ ဤသည်မှာ ဘုရားသခင်၏အမြင်၌ ယာကုပ်သည် ဖာရောထက် ကြီးမြတ်ကြောင်းကို သက်သေထူခြင်းပင် ဖြစ်သည်။

B. အခြားသူများကို ကောင်းချီးပေးနိုင်ရန်အလို့ငှာ ကျွန်ုပ်တို့သည် အသက်နှင့် ပြည့်လျှံလာသည့်တိုင် ဖြည့်ခြင်းခံရမည်ဖြစ်သည်၊ သို့မှသာ အသက်သည် သူတို့ထံသို့ လျှံထွက်စီးဆင်းနိုင်မည် ဖြစ်သည်။ ယာကုပ်၏ အသက်၌ရင့်ကျက်ခြင်းသည် ကောင်းချီးမင်္ဂလာများနှင့် ပြည့်နှက်နေခဲ့ပြီး၊ သူသည် ဖာရောဘုရင်ကိုလည်းကောင်း၊ ယောသပ်၏ သားနှစ်ယောက် (က၊၄၈း၈-၂၀) ကိုလည်းကောင်း၊ သူ၏သားတို့ကိုလည်းကောင်း (၄၉း၁-၂၈) ကောင်းချီးပေးခဲ့ကာ၊ သူ့သားများ၏ ထို ကောင်းချီးမင်္ဂလာများသည် အစ္စရေးလူမျိုးဆယ့်နှစ်မျိုး၏ လမ်းဆုံးပန်းတိုင်နှင့်သက်ဆိုင်သော ပရောဖက်ပြုချက်များပင် ဖြစ်ပေသည်။

III. ကောင်းချီးမင်္ဂလာ၏ မူအလေ့အလာမှာ ကြီးမြတ်သောသူသည် ငယ်သောသူကို ကောင်းချီးပေးရခြင်းဖြစ်သည် - ဟေဗြဲ၊ ၇း၇။

A. သာ၍ကြီးမြတ်ခြင်း သို့မဟုတ် သာ၍ငယ်ခြင်းသည် အသက်အရွယ်၏ အကြောင်းအရာမဟုတ်ဘဲ၊ ခရစ်တော်၏ အတိုင်းအတာပမာဏ၏ အကြောင်းအရာ ဖြစ်သည်။ ကျွန်ုပ်တို့သည် မိမိတို့၏ ခရစ်တော် အတိုင်းအတာပမာဏ အတိုင်း သာ၍ကြီးမြတ်သောသူ သို့မဟုတ် သာ၍ငယ်သောသူ ဖြစ်ကြခြင်း ဖြစ်သည်။

B. ဗတ္တိဇံယောဟန်သည် ခရစ်တော်နှင့် အလွန်နီးကပ်ခဲ့သော်လည်း၊ သူ့အထဲ၌ ခရစ်တော်ကို မရရှိခဲ့ပေ။ ကောင်းကင်များ၏ နိုင်ငံတော်၌ရှိသောသူတို့သည် ခရစ်တော်နှင့် နီးကပ်ရုံသာမကဘဲ သူတို့အထဲ၌ပင် ခရစ်တော်ကိုရရှိကြသည်၊ ဤအကြောင်းကြောင့်၊ ကောင်းကင်များ၏နိုင်ငံတော်၌ အငယ်ဆုံးသောသူသည် ယောဟန်ထက် သာ၍ ကြီးမြတ်ရခြင်းဖြစ်သည် - မ၊၁၁း၁၁။

C. ခရစ်တော်ကို ပိုမိုရရှိခြင်းအားဖြင့် ကျွန်ုပ်တို့သည် အခြားသူများထက် သာ၍ကြီးမြတ်ကြသည်ဆိုလျှင်၊ ကျွန်ုပ်တို့သည် သူတို့ကို ကောင်းချီးပေးရန် အရည်အချင်းပြည့်မီကြသည်၊ အကြောင်းမှာ အမြဲပင် ကြီးမြတ်သောသူသည် ငယ်သောသူကို ကောင်းချီးပေးရသောကြောင့် ဖြစ်သည်။

D. အခြားသူများကို ကောင်းချီးပေးခြင်းဆိုသည်မှာ သူတို့ထံ ခရစ်တော်ကို အမှုဆောင်ခြင်းကို ဆိုလိုသည်၊ ကျွန်ုပ်တို့ ပါဝင်ဆက်ဆံပြီး၊ မွေ့လျော်ဝမ်းမြောက်သော ထိုခရစ်တော်အားဖြင့်ပင် လူတို့ကို ကောင်းချီးပေးကြခြင်းဖြစ်သည်၊ ကျွန်ုပ်တို့သည် ခရစ်တော်ကို ပိုမိုမွေ့လျော်လေလေ၊ အခြားသူများထံ ခရစ်တော်ကို ပို၍များများ အမှုဆောင်နိုင်မည်ဖြစ်သည်။

IV. ကောင်းချီးမင်္ဂလာ၏ အဓိပ္ပာယ်မှာ လူတစ်ဦး၏ အသက်၌ရှင်ကျက်ခြင်းမှတစ်ဆင့် ကောင်းချီးမင်္ဂလာသည် ဘုရားသခင်၏ လျှံထွက်စီးဆင်းလာခြင်းပင် ဖြစ်သည်။

A. ဘုရားသခင်သည် အခြားသူများအထဲသို့ လူသားလမ်းကြောင်းမပါဘဲ မိမိကိုယ်တော်တိုင်ကို မစီးဆင်းနိုင်ပါ။ လမ်းကြောင်းအဖြစ် ဘုရားသခင် အသုံးပြုနိုင်သည့် တစ်ခုတည်းသော လူသားဇာတိမှာ ဘုရားသခင်နှင့် စိမ့်ဝင်ပျံ့နှံ့ကာ ပျော်ဝင်ပြည့်ဝခြင်းရှိသောသူ ဖြစ်သည် - ဖိ၊၁း၂၃-၂၅။

B. အသက်၌ ရင့်ကျက်ခြင်းသည် ဘုရားသခင်နှင့် ပြည့်ဝခြင်း၏ အကြောင်းအရာ ဖြစ်ပြီး၊ ကျွန်ုပ်တို့သည် ဘုရားသခင်နှင့် ပြည့်ဝလာသောအခါ၊ ဘုရားသခင်ကို လျှံထွက်စီးဆင်းလာ၍၊ ကျွန်ုပ်တို့နှင့် တွေ့ဆုံသောသူတိုင်းကို ကောင်းချီးပေးနိုင်မည်ဖြစ်သည်။

V. သမ္မာကျမ်းစာ၌ ပထမဦးဆုံးသော ကောင်းချီးပေးခြင်း၏ သာဓကမှာ မေလခိဧဒေက်က အာဗြဟံအား ကောင်းချီးပေးခြင်းဖြစ်ပြီး (က၊၁၄း၁၈-၂၀)၊ မေလခိဧဒေက်သည် ခရစ်တော်၏ ပုံဆောင်ချက်ဖြစ်သည် (ဟေဗြဲ၊၅း၆)။

A. ကောင်းချီးမင်္ဂလာသည် ဘုရားသခင်၏ လျှံထွက်စီးဆင်းခြင်း ဖြစ်၍၊ ထိုလျှံထွက်စီးဆင်းခြင်းသည် ယဇ်ပုရောဟိတ်များမှတစ်ဆင့် လူတို့ထံသို့ ရောက်ရှိလာသည်။ ကျွန်ုပ်တို့အားလုံးသည် လူတို့အား ဘုရားသခင်ထံသို့ ပို့ဆောင်ပေးသော ယဇ်ပရောဟိတ်များ (ဗျာ၊၁း၆။ ၁ပေ၊၂း၅၊ ၉) ဖြစ်ကြရန် လိုအပ်ပေသည်။

B. အကယ်၍ ကျွန်ုပ်တို့သည် အခြားသူများအား ကောင်းချီးပေးလိုပါက၊ မိမိကိုယ်တိုင် ဘုရားသခင်နှင့် နီးကပ်စွာရှိရမည်။ လူတို့သည် ဘုရားသခင်နှင့် ဝေးကွာကြသောကြောင့် ထိုသူတို့သည် ဘုရားသခင်၏ ကောင်းချီးမင်္ဂလာကို လိုအပ်လျက်ရှိကြသည်။

C. ယဇ်ပုရောဟိတ်တစ်ဦးသည် ဘုရားသခင်နှင့် လူတို့အကြားရှိ အကွာအဝေးကို ဖယ်ရှားပေးသည်။ သူသည် ဘုရားသခင်နှင့် ဝေးကွာနေသောသူများအား ဘုရားသခင်၏မျက်မှောက်တော်သို့ ခေါ်ဆောင်လာပေးသည် - ညွှန်း၊ ထွ၊၂၈:၉-၁၂၊ ၁၅-၂၁။

D. ယဇ်ပုရောဟိတ်တစ်ဦးထံမှ ကောင်းချီးမင်္ဂလာကို မခံယူမီ၊ ကျွန်ုပ်တို့နှင့် ဘုရားသခင်အကြား အကွာအဝေး ရှိကောင်းရှိနိုင်သော်လည်း၊ ထိုသူက ကောင်းချီးပေးပြီးနောက်တွင်မူ ထိုအကွာအဝေးသည် ပပျောက်သွား၍၊ ဘုရားသခင်ကို မွေ့လျော်ဝမ်းမြောက်ခြင်း၌ ပါဝင်နိုင်ရန် ဘုရားသခင်၏ မျက်မှောက်တော်သို့ ကျွန်ုပ်တို့ဆောင်ယူခြင်း ခံရပေသည်။

VI. စာရင်းတော်ဝင် ၆:၂၂-၂၇ တွင် ယဇ်ပုရောဟိတ်တို့၏ ကောင်းချီးပေးခြင်းပုံစံကို ကျွန်ုပ်တို့တွေ့ရပြီး၊ ထိုကောင်းချီးသည် ဓမ္မဟောင်းကောင်းချီးမင်္ဂလာ မဟုတ်သကဲ့သို့၊ ဓမ္မသစ်ကောင်းချီးမင်္ဂလာလည်း မဟုတ်ပေ။ စင်စစ်အားဖြင့် ထိုကောင်းချီး

သည် ကျွန်ုပ်တို့၏ မွေ့လျော်ဝမ်းမြောက်ခြင်းအတွက် ကိုယ်တော်၏ ဘုရားဆိုင်ရာ သုံးပါးဖြစ်ခြင်း၌ မိမိကိုယ်တော်တိုင်ကို ကျွန်ုပ်တို့အထဲသို့ ဝင်ရောက်ဖြန့်ဖြူးပေးခြင်းတည်းဟူသော သုံးပါးတစ်ပါးဘုရား၏ ထာဝရကောင်းချီး မင်္ဂလာပင်ဖြစ်သည်။

A. *ယေဟောဝါသည် သင့်ကို ကောင်းချီးပေး၍ စောင့်မတော်မူပါစေသော* ဟူသောစကားသည် ခမည်းတော်ကို ရည်ညွှန်းဖော်ပြခြင်း ဖြစ်ပေသည် - အငယ်၊ ၂၄။

1. ခမည်းတော်သည် ကိုယ်တော်၏မေတ္တာတော်၌ ကျွန်ုပ်တို့အား ပုံသဏ္ဌာန်အမျိုးမျိုးနှင့် နည်းလမ်းအသွယ်သွယ်ဖြင့် ကောင်းချီးပေးနေပြီး (ညွှန်း၊ ဧ၊၁၃)၊ သူ၏တန်ခိုးတော်၌ ကျွန်ုပ်တို့အား ပုံပန်းသဏ္ဌာန်အမျိုးမျိုးနှင့် နည်းလမ်းအသွယ်သွယ်ဖြင့် စောင့်မတော်မူသည် (ညွှန်း၊ ယော၊၁၇း၁၁၊ ၁၅။ ၁ပေ၊၁း၅)။
2. သခင်ယေရှုသည် ကိုယ်တော်၏နာမတော်၌ ကျွန်ုပ်တို့ကို စောင့်ထိန်းတော်မူရန် ခမည်းတော်ထံ ဆုတောင်းခဲ့သည် (ယော၊၁၇း၁၁)၊ ဤသည်မှာ သုံးပါးတစ်ပါးဘုရား၏ ဝင်ရောက်ဖြန့်ဖြူးခြင်းအထဲသို့ ကျွန်ုပ်တို့ကို စောင့်ထိန်းရန်ဖြစ်သည်၊ ခမည်းတော်ထံ သခင်ယေရှု၏ ဆုတောင်းချက်မှာ ကျွန်ုပ်တို့ကို ဆိုးညစ်သောသူ၏ လက်မှကင်းလွတ်စေခြင်းငှာ စောင့်ထိန်းတော်မူမည့်အကြောင်းပင် ဖြစ်သည် (အငယ်၊၁၅)။
3. ကျွန်ုပ်တို့သည် သုံးပါးတစ်ပါးဘုရား၏ ဝင်ရောက်ဖြန့်ဖြူးခြင်း၌ လုံးလုံး တည်ရှိနေရန်နှင့် ဆိုးညစ်သောသူ၏ အပြင်ဘက်၌ လုံးဝရှိနေနိုင်သည့် ကောင်းချီးမင်္ဂလာအတွက် ဆုတောင်းကြရမည်။ ဤသည်မှာ မည်သို့သော ကောင်းချီးမင်္ဂလာ ဖြစ်ပါတကား။

B. *ယေဟောဝါသည် မျက်နှာတော်အလင်းကို သင့်အပေါ်ထွန်းလင်း၍၊ ကျေးဇူးပြုတော်မူပါစေသော* ဟူသော စကားသည် သားတော်ကို ရည်ညွှန်းဖော်ပြခြင်း ဖြစ်သည် - စာရင်း၊၆း၂၅။

1. လုကာ ၁း၇၈ တွင် သခင်ယေရှု မွေးဖွားလာမည့်အချိန်တွင် ဇာခရိက "တက်သောနေသည် အထက်မှ ငါတို့ထံသို့ အကြည့်အရှု ကြွလာသဖြင့်"ဟူ၍ ပရောဖက်ပြုခဲ့သည်။ တက်သောနေဟူသည်မှာ ဘုရားဆိုင်ရာသုံးပါးဖြစ်ခြင်း၌ရှိသော သားတော်ပင် ဖြစ်ပြီး၊ ဤသည်မှာ မိမိကိုယ်တော်တိုင်ကို ကျွန်ုပ်တို့ထံ ထွန်းလင်းပေးခြင်းနည်းလမ်း၌ ထင်ရှားပြရန် ဘုရားသခင်၏ လူဇာတိခံခြင်းကို ရည်ညွှန်းခြင်း ဖြစ်သည် - မ၊၄း၁၆။ ယော၊၈း၁၂။
2. စာရင်း၊ ၆း၂၅ ၌ *မျက်နှာတော်* သည် မျက်မှောက်တော်ကို ပုံဆောင်ပြီး၊ ကျွန်ုပ်တို့၌ မျက်နှာတော်အလင်းကို လွှတ်သောအရှင်အနေဖြင့် သားတော်ခရစ်တော်သည် မမြင်ရသောဘုရားသခင်၏ မြင်နိုင်သောမျက်မှောက်တော်ဖြစ်သည် - ၂ပေ၊၁း၁၆-၁၈။ မ၊၁၇း၁-၂။
3. စာရင်း၊ ၆း၂၅ တွင် ယေဟောဝါသည် မျက်နှာတော်အလင်းကို ကျွန်ုပ်တို့အပေါ် ထွန်းလင်းခြင်းကိုသာ ပြောဆိုထားခြင်းမဟုတ်ဘဲ၊ ယေဟောဝါသည် ကျွန်ုပ်တို့အား ကျေးဇူးပြုခြင်းကိုလည်း ပြောဆိုထားသည်၊ ဤအချက်နှစ်ချက်ကို ယောဟန် ၁း၁၄၊ ၁၆-၁၇ တွင် အတူတကွ တူညီစွာ ဖော်ပြထားသည်။
4. ဘုရားသခင်၏ လူဇာတိခံခြင်းသည် ကိုယ်တော်၏ မျက်မှောက်တော် အလင်းထွန်းလင်းခြင်းဖြစ်ပြီး၊ ဤအလင်းထွန်းလင်းခြင်းနှင့်အတူ ကျေးဇူးတော်လည်း ရှိသည်။ ဤကျေးဇူးတော်မှာ သခင်ယေရှုခရစ်၏ ကျေးဇူးတော်ဖြစ်ပြီး၊ အမှန်စင်စစ်အားဖြင့် ခရစ်တော်ကိုယ်တိုင်ပင် ဖြစ်သည် - ၂ကော၊၁၃း၁၄။

C. *ယေဟောဝါသည် သင့်ကို မျှော်ကြည့်၍ ငြိမ်သက်ခြင်း ပေးတော်မူပါစေသော* ဟူသောစကားသည် ဝိညာဉ်တော်ကို ရည်ညွှန်းဖော်ပြခြင်း ဖြစ်သည် - စာရင်း၊၆း၂၆။

1. မျက်နှာဆိုသည်မှာ ပုဂ္ဂိုလ်၏မျက်မှောက်ကို ဆိုလိုပြီး၊ မျှော်ကြည့် ဆိုသည်မှာ ပုဂ္ဂိုလ်၏ ထုတ်ဖော်ပြသမှုကို ဆိုလိုသည်။ ပုဂ္ဂိုလ်တစ်ဦးကို မျှော်ကြည့်ခြင်းဆိုသည်မှာ ထိုပုဂ္ဂိုလ်အား ပို၍စွဲမြဲယုံကြည်စေခြင်း၊ ယုံကြည်စိတ်ချစေခြင်း၊ ကတိပြုခြင်းနှင့် အရာအားလုံးကို ပေးအပ်ခြင်းကို ဆိုလိုသည်။
2. ယေရှုသည် ဘုရားသခင်၏ မျက်နှာတော်အဖြစ် ကြွလာခဲ့ပြီး၊ သန့်ရှင်းသောဝိညာဉ်တော်သည် ဘုရားသခင်၏ မျက်နှာအနေအထားအဖြစ် ကြွလာခဲ့သည်။ ကျွန်ုပ်တို့သည် ကိုယ်တော့်ကို ဝမ်းနည်းစေပါက၊ ကိုယ်တော်၏

မျက်နှာထားသည် ပျက်လိမ့်မည် (၈၊၄:၃၀) ဖြစ်သည်။ သို့သော် ကျွန်ုပ်တို့သည် ကိုယ်တော်ကို နာခံမည်ဆိုလျှင်၊ ကိုယ်တော်သည် ကျွန်ုပ်တို့အပေါ် ဝမ်းမြောက်မည့်အပြင် ကျွန်ုပ်တို့ကို အတည်ပြုပေးရန်၊ စိတ်ချမှုပေးရန်၊ အာမခံပေးရန်၊ ကတိပေးရန်နှင့် ခပ်သိမ်းသောအရာတို့ကို ပေးသနားရန်အတွက် သူ၏ မျက်နှာတော်ကို ကျွန်ုပ်တို့အပေါ်တွင် မျှော်ကြည့်လိမ့်မည်ဖြစ်သည်။

VII. ကောရိန္သုဒုတိယစာ ၁၃း၁၄ ၌ တမန်တော်ပေါလု၏ ကောင်းချီးပေးခြင်းကို မြင်တွေ့ရပါသည် - ''သခင်ယေရှုခရစ်၏ ကျေးဇူးတော်သည်လည်းကောင်း၊ ဘုရားသခင်၏ မေတ္တာတော်သည်လည်းကောင်း၊ သန့်ရှင်းသောဝိညာဉ်တော်၏ မိတ်သဟာယတော်သည်လည်းကောင်း သင်တို့အပေါင်းနှင့်အတူ ရှိစေသတည်း'' ဟူ၍ ဖြစ်သည်။

A. တမန်တော် ပေါလု၏ကောင်းချီးပေးခြင်းတွင် သုံးပါးတစ်ပါးဘုရားသည် လူတို့ထံသို့ သူတို့၏ မွေ့လျော်ဝမ်းမြောက်မှုအတွက် ကြွလာခြင်းဖြစ်သည်၊ ပေါလုသည် လူတို့ကို ဘုရားသခင်၏ မျက်မှောက်တော်သို့ ခေါ်ဆောင်သည်သာမက၊ သူတို့အထဲသို့ ဘုရားသခင်ကို ခေါ်ဆောင်လာခြင်းလည်း ဖြစ်သည်။

B. တစ်ဖက်တွင် အခြားသူများကို ကောင်းချီးပေးရန်ဆိုသည်မှာ သူတို့ကို ဘုရားသခင်၏ မျက်မှောက်တော်သို့ ခေါ်ဆောင်ခြင်း ဖြစ်ပြီး၊ အခြားတစ်ဖက်တွင် သူတို့အထဲသို့ ဘုရားသခင်ကို ချစ်ခြင်းမေတ္တာအဖြစ်၊ ကျေးဇူးတော်အဖြစ်၊ မိတ်သဟာယအဖြစ် ခေါ်ဆောင်လာခြင်းဖြစ်သည်၊ သို့မှသာ သူတို့သည် သုံးပါးတစ်ပါးဘုရား တည်းဟူသော ခမည်းတော်၊ သားတော်နှင့် သန့်ရှင်းသော ဝိညာဉ်တော်ကို မွေ့လျော်ဝမ်းမြောက်နိုင်မည်ဖြစ်သည်။

C. ချစ်ခြင်းမေတ္တာ၊ ကျေးဇူးတော်နှင့် မိတ်သဟာယတို့သည် ကျွန်ုပ်တို့၏ မွေ့လျော်ဝမ်းမြောက်ခြင်းအတွက် ဘုရားသခင်၏ အဆင့်သုံးဆင့်ဖြစ်ပါသည်။ ချစ်ခြင်းမေတ္တာသည် အတွင်း၌ဖြစ်ပြီး၊ ကျေးဇူးတော်သည် ချစ်ခြင်းမေတ္တာထင်ရှားခြင်းဖြစ်ကာ၊ မိတ်သဟာယသည် ကျွန်ုပ်တို့အတွင်းသို့ ကျေးဇူးတော်ကို လွှဲပြောင်းပေးပို့ခြင်း ဖြစ်သည်။

D. ဘုရားသခင်သည် မူလအစဖြစ်သောကြောင့်၊ ဘုရားသခင်၏မေတ္တာတော်သည် အရင်းအမြစ်ဖြစ်၍ သခင်ဘုရားသည် ဘုရားသခင်၏ ထင်ရှားခြင်းဖြစ်သောကြောင့်၊ သခင်ဘုရား၏ ကျေးဇူးတော်သည် ဘုရားသခင့်မေတ္တာတော်၏လမ်းကြောင်း ဖြစ်သည်။ ဝိညာဉ်တော်သည် သုံးပါးတစ်ပါး ဘုရားတည်းဟူသော ခမည်းတော်၊ သားတော်နှင့် သန့်ရှင်းသော ဝိညာဉ်တော်နှင့်အတူ သူတို့၏ဘုရားဆိုင်ရာ ဂုဏ်အင်္ဂါများကို ကျွန်ုပ်တို့တွေ့ကြုံခံစားရန်နှင့် မွေ့လျော်ဝမ်းမြောက်ရန်အတွက် ဘုရားသခင်နှင့်အတူ သခင်ဘုရား၏လွှဲပြောင်းပေးအပ်ခြင်းဖြစ်သောကြောင့် ဝိညာဉ်တော်၏ မိတ်သဟာယသည် ဘုရားသခင်၏မေတ္တာတော်နှင့်အတူ သခင်ဘုရားကျေးဇူးတော်ကို ဝေမျှထည့်သွင်းပေးခြင်း ဖြစ်သည်။

E. သန့်ရှင်းသော နှုတ်ကပတ်တော်၌ရှိသော ဘုရားဆိုင်ရာ သုံးပါးဖြစ်ခြင်း၏ ဘုရားဆိုင်ရာ ဖွင့်ပြခြင်းသည် သီဩလော်ဂျီဆိုင်ရာ လေ့လာမှုအတွက် မဟုတ်ဘဲ၊ ကိုယ်တော်၏နက်နဲခြင်း၌ရှိသော ဘုရားသခင်နှင့် အံ့ဩဖွယ် သုံးပါးတစ်ပါးသည် သူကိုယ်တော်တိုင်ကို သူရွေးချယ်ထားသော လူများအထဲသို့ ဝင်ဖြန့်ဖြူးပေးခြင်းဖြင့်၊ ကိုယ်တော်၏ရွေးချယ်၊ ရွေးနုတ်ခံလူများသည် ကောရိန္သုယုံကြည်သူများထံ ပေးသော တမန်တော်၏ကောင်းချီးမင်္ဂလာ၌ ညွှန်ပြထားသည့်အတိုင်း အဆင့်ဆင့် တိုးတက်ပြောင်းလဲသော သုံးပါးတစ်ပါးဘုရားကို ယခုနှင့် ထာဝရကာလတိုင်အောင် ပါဝင်ဆက်ဆံနိုင်ကြောင်း၊ တွေ့ကြုံခံစား၊ မွေ့လျော်ဝမ်းမြောက် ပိုင်ဆိုင်နိုင်ကြောင်းကို ပိုင်ခြားနားလည်ရန်အတွက် ဖြစ်ကြောင်း ဖော်ပြထားသည့်အဖြစ်အပျက်ဖြစ်သည်။

VIII. ယာကုပ်၏ လုယူတတ်သောလက်များသည် နောက်ဆုံးတွင် ကောင်းချီးပေးတတ်သော လက်များ ဖြစ်လာခဲ့သည် - က၊ ၂၅း၂၆။ ၄၃း၇၊၁၀။ ၄၈း၁၄-၁၆။ ဟေဗြဲ၊ ၁၁း၂၁။

A. ကမ္ဘာဦး ၂၅ တွင် ယာကုပ်သည် သူ၏အမိဝမ်းဗိုက်၌ ရှိစဉ်ကတည်းကပင် သူ၏လုယူတတ်ခြင်းသည် စတင်ခဲ့ကြောင်းကို ကျွန်ုပ်တို့ မြင်တွေ့ရပါသည်၊ သို့သော် ကမ္ဘာဦး အခန်းကြီး ၄၇ နှင့် ၄၈ တွင်မူ ထိုလုယူတတ်သော လက်နှစ်ဖက်သည် ကောင်းချီးပေးသော လက်များဖြစ်လာခဲ့ကာ၊ လူတို့ကို ဘုရားသခင်၏ မျက်မှောက်တော်သို့ ခေါ်ဆောင်ပေးပြီး၊ သူတို့

အထဲသို့ ဘုရားသခင်ကို အမှုဆောင်ပေးခြင်းဖြစ်သည်၊ သို့မှသာ သူတို့သည် ကိုယ်တော့်ကို မွေ့လျော်ဝမ်းမြောက်နိုင်မည်ဖြစ်ကြောင်းကို ကျွန်ုပ်တို့ မြင်တွေ့ရပါသည်။

B. လုယူတတ်သောသူ၊ ဖနောင့်ကို ကိုင်သောသူသည် ထိုအချိန်၌ မြေကြီးပေါ်တွင် အကြီးမြတ်ဆုံးသောသူ ဖြစ်လာခဲ့ပြီး၊ သူသည် ဖာရောကိုပင် ကောင်းချီးပေးနိုင်ခဲ့သည်၊ အကြောင်းမှာ သူသည် ဖာရောထက်ပင် ကြီးမြတ်သောကြောင့် ဖြစ်သည်။ သူသည် အသက်၏နည်းလမ်းအားဖြင့် ထိုသို့သောသူမျိုး ဖြစ်လာခဲ့သည်။

C. ကျွန်ုပ်တို့သည် အသက်၌ကြီးထွားခြင်းနှင့် အသက်၌ ကြီးရင့်ခြင်းတို့ကို လိုအပ်ပါသည်၊ သို့မှသာ ကျွန်ုပ်တို့သည် ခရစ်တော်နှင့်ပြည့်ဝလာကာ၊ အခြားသူများကို ကောင်းချီးပေးနိုင်သောသူများ ဖြစ်လာကြမည် ဖြစ်သည်။

IX. ယာကုပ်သည် သူ၏သားဆယ့်နှစ်ယောက်ကို ကောင်းချီးမင်္ဂလာဆိုင်ရာ ပရောဖက်ပြုချက်ပေးခဲ့သည့် ကမ္ဘာဦးအခန်းကြီး ၄၉ အချိန်၌ သူသည် ဘုရား-လူဖြစ်ခဲ့သည်၊ ဘုရားသခင်ဖြင့် ပြည့်ဝသူ၊ စေ့စပ်ထုံးဖွဲ့ခံရသူ၊ စိမ့်ဝင်ပျံ့နှံ့ခံရသူနှင့်၊ ပြန်လည်ဖွဲ့စည်းပြင်ဆင်ခြင်းခံရသူပင် ဖြစ်ခဲ့သည်။ သူတွေးခေါ်သမျှသော အရာတိုင်းသည် ဘုရားသခင်၏ အတွေးခေါ်ဖြစ်သကဲ့သို့၊ သူဖော်ပြသော သဘောထားယူဆချက်တိုင်းသည်လည်း ဘုရားသခင်၏ သဘောထားယူဆချက်ပင် ဖြစ်ပေသည် - ညွှန်း၊ ၁ကော၊၇း၁၀၊ ၁၂၊ ၂၅၊ ၄၀။

A. ကောင်းချီးမင်္ဂလာနှင့်အတူ ပရောဖက်ပြုရန်အလို့ငှာ၊ ကျွန်ုပ်တို့သည် ဘုရားသခင်ကို သိကျွမ်းရမည်၊ ဘုရားသခင်၏ စိတ်နှလုံးတော်အလိုဆန္ဒနှင့် ဘုရားသခင်၏ ရည်ရွယ်ချက်တို့ကို သိကျွမ်းရမည် ဖြစ်သည်။

B. ကောင်းချီးမင်္ဂလာနှင့်အတူ ပရောဖက်ပြုရန်အလို့ငှာ၊ ကျွန်ုပ်တို့သည် လူတို့ကိုသိကျွမ်းရမည်၊ ဆိုလိုသည်မှာ လူတိုင်းတွေ့ကြုံရသော အခြေအနေမှန်ကို သိကျွမ်းရမည် ဖြစ်သည်။

C. ကောင်းချီးမင်္ဂလာနှင့်အတူ ပရောဖက်ပြုရန်အလို့ငှာ၊ ကျွန်ုပ်တို့သည် ခရစ်တော်၏ ကြွယ်ဝခြင်းများနှင့် ပြည့်ဝလာရမည် ဖြစ်သည်။

D. ကောင်းချီးမင်္ဂလာနှင့်အတူ ပရောဖက်ပြုရန်အလို့ငှာ၊ ကျွန်ုပ်တို့၌ သန်စွမ်းတက်ကြွသော ဝိညာဉ်ရှိရမည်ဖြစ်သည်။

© 2026 Living Stream Ministry